**21. ဌာန - International College**

သင်တန်းအမည် - Bachelor of Business Administration Program in International Business (International Program)

ပေးအပ်မည့်ဘွဲ့ - Bachelor of Business Administration (International Business)
သင်တန်းကြာချိန် - ၄ နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. ပြည်တွင်းပြည်ပမှ ထုတ်ကုန်သွင်းကုန်လုပ်ငန်းများတွင်လုပ်ကိုင်နိုင်ခြင်း။
2. နိုင်ငံစုံကော်ပိုရေးရှင်းများ၏ ပြည်ပစီးပွါးရေးလုပ်ငန်းခွဲများတွင်လုပ်ကိုင်နိုင်ခြင်း။
3. စီးပွားရေးအကြံပေးနှင့် သုတေသနဆိုင်ရာ ရာထူးအဖြစ် လုပ်ကိုင်နိုင်ခြင်း။
4. အစိုးရဌာနများနှင့် အစိုးရလုပ်ငန်းများတွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ခြင်း။
5. နိုင်ငံတကာ non-profit အဖွဲ့အစည်းများတွင် လုပ်ကိုင်နိုင်ခြင်း။
6. စီးပွါးရေးလုပ်ငန်းရှင်အဖြစ် လုပ်ကိုင်နိုင်ခြင်း။
7. နိုင်ငံတကာစီးပွါးရေးဆိုင်ရာကျောင်းများတွင် လုပ်ကိုင်နိုင်ခြင်း။

သင်ယူရရှိမှုရလဒ်များ (PLOs)

အဖွဲ့လိုက်လုပ်ဆောင်ခြင်းအပိုင်း၌
PLO1 - အဖွဲ့အစည်းနှင့်ပူးပေါင်းဆောင်ရွက်တတ်ကြောင်းပြသနိုင်ရန်။

PLO1.1 - လူမှုဆက်ဆံရေးကောင်းမွန်ကြောင်းပြသနိုင်ရန်။

PLO1.2 - မတူကွဲပြားခြင်း၏အရေးကြီးကြောင်းကို ဖော်ပြနိုင်ရန်။

PLO1.3 - အများနှင့် အကျိုးရှိစွာပူးပေါင်းဆောင်ရွက်တတ်သည့် အရည်အချင်းများပြသနိုင်ရန်။

ခွဲခြမ်းစိတ်ဖြာမှုစွမ်းရည်အပိုင်း၌
PLO2 - နိုင်ငံတကာစီးပွါးရေးပြဿနာများကို ဆင်ခြင်တုံတရားနှင့် ထဲထဲဝင်ဝင် ခွဲခြမ်းစိတ်ဖြာနိုင်ရန်။

PLO2.1 - စီးပွါးဆိုင်ရာပြဿနာများကို ကျိုးကြောင်းမှန်ကန်သော အချက်အလက်များဖြင့်အသိအမှတ်ပြုနိုင်ရန်။

PLO2.2 - စီးပွါးဆိုင်ရာပြဿနာများကို ခွဲခြမ်းစိတ်ဖြာရာတွင် သင့်လျော်သော မူဘောင်များ၊ နည်းလမ်းများကို ရွေးချယ်နိုင်ရန်။

PLO2.3 - နိုင်ငံတကာစီးပွားရေးလုပ်ငန်းခွဲခြမ်းစိတ်ဖြာမှုမှအမြင်များကို ဖော်ထုတ်နိုင်ရန်။

ဆန်းသစ်တီထွင်မှုအပိုင်း၌

PLO3 - ဆန်းသစ်သော နိုင်ငံတကာစီးပွါးရေးဆိုင်ရာအကြံဉာဏ်များဖော်ထုတ်နိုင်ရန်။

PLO3.1 - သင့်လျော်သော လုပ်ငန်းပိုင်းဆိုင်ရာအခွင့်အလမ်းများ/ပြဿနာများကိုခွဲခြားနိုင်ရန်။

PLO3.2 - နိုင်ငံတကာစီးပွါးရေးလုပ်ငန်းဆိုင်ရာအခွင့်အလမ်းများပြည့်မီရန်/ပြဿနာများဖြေရှင်းရန် လက်တွေ့ကျ သောအကြံဉာဏ်သစ်များကိုအဆိုပြုနိုင်ရန်။

ကျင့်ဝတ်နှင့်ရေရှည်တည်တံ့ရေးအပိုင်း၌

PLO4 - လုပ်ငန်းအလေ့အကျင့်များ၏ ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုများကို အကဲဖြတ်ပြီး လုပ်ငန်းတွင် ရေရှည်တည်တံ့မှု၏ အရေးပါမှုကိုဖော်ပြနိုင်ရန်။

PLO4.1 - လုပ်ငန်းအလေ့အကျင့်များ၏ ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုများကို အကဲဖြတ်နိုင်ရန်။

PLO4.2 - လုပ်ငန်းတွင် ရေရှည်တည်တံ့မှု၏အယူအဆအသိပညာများကိုဖော်ပြနိုင်ရန်။

စီမံခန့်ခွဲမှုအပိုင်း၌

PLO5 - နေ့စဉ်ပြောင်းလဲနေသောစီးပွါးရေးလုပ်ငန်းများအတွင်း မိမိတို့၏လုပ်ငန်းတာဝန်များပြီးမြောက်စေရန် စီမံခန့်ခွဲမှုအသိပညာများဖြင့်ရှင်းပြနိုင်ရန်။

PLO5.1 - အဖွဲ့အစည်းစီမံရေးနှင့် လုပ်ငန်းလည်ပတ်မှုသဘောတရားများအကြောင်း ပြောပြနိုင်ရန်။

PLO5.2 - လုပ်ငန်းများပြီးမြောက်အောင်မြင်ရန် ထိရောက်သေချာသောအစီအစဉ်များချမှတ်နိုင်ရန်။

PLO5.3 - ပြောင်းလဲနေသောလုပ်ငန်းသဘာဝနှင့်၄င်းတို့၏အကျိုးသက်ရောက်မှုများခွဲခြားနိုင်ရန်။

နိုင်ငံတကာစီးပွားရေး ဗဟုသုတနှင့် ကျွမ်းကျင်မှုအပိုင်း၌

PLO6 - လက်တွေ့လုပ်ငန်းပိုင်းရှိပြဿနာများကို နိုင်ငံတကာစီးပွါးရေးဆိုင်ရာ အသိသညာအရည်အသွေးများဖြင့် အသုံးပြုဖြေရှင်းနိုင်ရန်။

PLO6.1 - နိုင်ငံတကာစီးပွါးရေးဈေးကွက်တွင် လက်ရှိနှင့်အနာဂတ်စီးပွါးလုပ်ငန်းအခြေအနေများကို ဝေဖန်ပိုင်းခြားနိုင်ရန်

PLO6.2 - နိုင်ငံတကာစီးပွါးရေးလုပ်ငန်းများ၏လည်ပတ်မှုကိုထောက်ပံ့ပေးနိုင်ရန် လုပ်ငန်းမူဘောင်များဖြင့် အသုံးချ နိုင်ရန်။

PLO6.3 - ကမ္ဘာလုံးဆိုင်ရာ အခွင့်အလမ်းများကို ပေါင်းစပ်ခြင်းဖြင့် စီမံကိန်းတစ်ခု၊ ဗျူဟာတစ်ခု သို့မဟုတ် အဖွဲ့ အစည်းတစ်ခု ဖွဲ့စည်းနိုင်ရန်။